# Acer Iconia A501 tablet

ခံစားမှုအသစ်တွေ ပေးစွမ်းနိုင်ပြီး နေရာမရွေးသယ်ယူနိုင်တဲ့ Acer Iconia A501 tablet ဖြစ်ပါတယ်။ Mobile ပစ္စည်းနဲ့ game ကစားချင်သူတွေအတွက် အဆင်ပြေစေမယ့် tablet ပါ။

ဒီ tablet မှာ Nvidia ရဲ့ Mobile dual core processor Tegra2 250 ကို တပ်ဆင်ထားပြီး Google ရဲ့ နောက်ဆုံးပေါ် Android Honeycomb 3.0 OS ကို အသုံးပြုထားပါတယ်။ Process တွေကို လျှင်လျှင်မြန်မြန် တပြိုင်နက် သုံးစွဲနိုင်ပြီး GPU ပါဝင်တဲ့ Nvidia Tegra2 CPU ကို သုံးစွဲထားတာကြောင့် high definition ရုပ်ထွက်တွေကိုလည်း ကောင်း ကောင်းမွန်မွန် ကြည့်ရှုခံစားနိုင်ပြီး ULP စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးပါတယ်။

DDR3 1GB memory နဲ့အတူ 32GB HDD ပါရှိပါတယ်။ Data storage ကို ထပ်မံတိုးချဲ့နိုင်ဖို့ SD extension slot လည်း ပါရှိပါတယ်။ 3D ကွန်ရက်နဲ့ ကောင်းကောင်းမွန်မွန် လျှင်လျှင်မြန်မြန် ချိတ်ဆက်အသုံးပြုနိုင်သလို ၁.၆ ပေါင်သာ အလေးချိန်ရှိပြီး ၁၀.၁ လက်မ အရွယ်အစားရှိတဲ့ multi touch screen ဖြစ်လို့ တိကျတဲ့ ရုပ်ထွက်တွေနဲ့အတူ လက်ချောင်းရဲ့ စေရာကို အလျှင်အမြန် လိုက်ပြီးလုပ်ဆောင်နိုင်ပါတယ်။ Flash player ကို ပြည့်ပြည့်စုံစုံ အသုံးပြုနိုင်ပြီး HDMI port ၊ bluetooth တို့လည်းပါရှိပါတယ်။

5MP auto focus လုပ်နိုင်ပြီး LED flash ပါဝင်တဲ့ camera တစ်လုံး၊ 2MP camera တစ်လုံးစီ စုစုပေါင်း ၂ လုံးပါ ဝင်ပြီး Dolby sound system ကို အသုံးပြုထားကာ powerful stereo speaker တပ်ဆင်ထားတာကြောင့် ကြည်လင်ပြတ် သားတဲ့ အသံတွေကို နားသောတဆင်နိုင်ပါလိမ့်မယ်။ Vertical ကော၊ horizonal ပါ ရွေ့လျားမှုတိုင်းအတွက် screen display အလိုအလျောက် ရွေ့လျားပေးနိုင်ပါတယ်။ Battery အသုံးပြုမှု အမြင့်ဆုံးစွမ်းဆောင်ရည် ၈ နာရီအသုံးပြုနိုင်တဲ့အတွက် အချိန်အကြာကြီး အသုံးပြုချင်သူတွေအတွက် အဆင်ပြေစေမှာ ဖြစ်ပါတယ်။

လွယ်ကူရှင်းလင်းတဲ့ photo browser ၊ သူငယ်ချင်းတွေနဲ့ အပြန်အလှန်ဆက်သွယ်မှုဝေနိုင်မယ့် social jogger ၊ ဘယ် media format ကိုမဆို မျှဝေခံစားနိုင်မယ့် clear.fi စတဲ့ ရိုးရှင်းဆန်းပြားတဲ့ app တွေကို ထည့်သွင်းပေးထားတဲ့အတွက် အသုံးပြုသူတွေအတွက် ရိုးရှင်းလွယ်ကူစေပါတယ်။

တန်ဖိုး ၄၅၉,၀၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃



# Prolink SWH notebook




ကျော့ရှင်းလှပတဲ့ ကိုယ်ထည် design နဲ့ Prolink notebook ဖြစ်ပါတယ်။ Intel ရဲ့ sandy bridge series-pentium B940 processor နဲ့ အသစ်ထွက်ရှိလာတာ ဖြစ်ပါတယ်။ မြန်နှုန်းမြင့် DDR3 memory 2GB ပါဝင်ပြီး file တွေ အများအပြား သိမ်းဆည်းဖို့လည်း 500GB HDD ကို ထည့်သွင်းပေးထားပါတယ်။ Wireless N ၊ 4 in 1 card reader ၊ multi gesture touchpad တွေ စုံစုံလင်လင်ပါဝင်တဲ့အပြင် HDMI display တွေနဲ့ တွဲဖက်အသုံးပြုနိုင်ဖို့ HDMI port လည်း ပါဝင်ပါတယ်။

တန်ဖိုး ၃၅၀,၀၀၀ ကျပ်ဝန်းကျင်

KMD Sales & Service Centre

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇

# Fashion ကျကျ IT သမားများအတွက် Acer Aspire 4755G (i5)



Design မိုက်မိုက် အရောင်ဆန်းဆန်းလေးတွေနဲ့ အသစ်ရောက်ရှိလာတဲ့ Aspire 4755G(i5) ဖြစ်ပါတယ်။ ပါးလွှာလွန်းတဲ့ လေးထောင့်ဆန်ဆန်ပုံစံရယ်၊ တောက်ပချောမွေ့တဲ့ မျက်နှာပြင်ပေါ်မှာ မျဉ်းတန်းစိပ်စိပ်ကလေးနဲ့ ကျွေးညွှတ်သွားတဲ့ပုံစံရယ်က မြင်ရုံနဲ့ လက်မလွှတ်ချင်စရာဖြစ်နေပါတယ်။ ကမ္ဘာ့အကောင်းဆုံး ခေတ်မီကုန်ကြမ်းတွေကို သုံးထားလို့ အရည်အသွေး ပြည့်ဝပြီး အကြမ်းခံပါတယ်။

Chiclet keyboard ဖြစ်တာမို့ သန့်ရှင်းရလွယ်ကူတဲ့အပြင် key တွေ ပြုတ်ထွက်မသွားအောင်လည်း ကာကွယ်ပေးထားပါတယ်။ အစိမ်း၊ အနီရောင်၊ ချောကလက်ရောင်နဲ့ အနက်ရောင် ဆိုပြီး အရောင် ၄ မျိုး ရှိပါတယ်။ စွဲမက်ဖွယ်ကောင်းတဲ့ design နဲ့ လိုက်ဖက်မှုရှိတဲ့ spec တွေလည်း ရှိပါတယ်။ Intel ရဲ့ Sandy Bridge core i5 2410M CPU နဲ့ စွမ်းဆောင်ရည်လိုက်ဖက်မှုရှိတဲ့ DDR3 memory 4GB ၊ Nvidia Geforce GT540 1 GB graphic တပ်ဆင်ထားလို့ HD အသုံးပြုမှုတွေနဲ့ multi-tasking ကိုလည်း ကောင်းမွန်စွာ ပြုလုပ်နိုင်ကာ၊ စွမ်းအင်သုံးစွဲမှုကိုလည်း လျှော့ချပေးပါတယ်။

Turbo Boost နည်းပညာပါဝင်လို့ အဆင့်မြင့် အသုံးပြုမှုတွေအတွက် အလိုအလျောက် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသွားမှာပါ။ Hard disk 640 GB ၊ DVD-RW SuperMulti Double layer ပါဝင်ပြီး ၁၄ လက်မ HD Acer CineCrystal LED LCD screen နဲ့ Dolby Advanced V2 audio speaker တို့ တွဲဖက်လိုက်တဲ့အခါ လှပတဲ့ ရုပ်ထွက်၊ ကြည်လင်တဲ့ အသံတို့ကို ခံစားနိုင်မှာပါ။ HDMI port ၊ multi-in-one card reader ၊ bluetooth 3.0+HS ၊ USB 3.0 တို့ ပါရှိပြီး Acer Crystaleye webcam ၊ integrated microphone တို့နဲ့ 6 cell Li-ion battery ကို အသုံးပြုထားပါတယ်။ ■

တန်ဖိုး ၅၉၇,၀၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃

# Apacer wireless mouse : M822



Laser sensor wireless mouse ဖြစ်ပြီး 1200 dpi ရှိတဲ့ အတွက် ရွေ့လျားမှုမြန်မြန်နဲ့ အလိုရှိရာကို ရောက်ရှိနိုင်ပါတယ်။

Transmission Rate 2.4 GHz ရှိပြီး ၁၀ မီတာနဲ့အထက် အကွာအဝေးမှာလည်း ကောင်းကောင်းမွန်မွန် အသုံးပြုနိုင်တာတွေ့ရပါတယ်။ မာကျောတဲ့ မျက်နှာပြင်ဖြစ်ဖြစ်၊ ချောပြောင်းတဲ့ မျက်နှာပြင်ဖြစ်ဖြစ် ဘယ်မျက်နှာပြင် အမျိုးအစားမှာမဆို သုံးစွဲနိုင်ပါတယ်။ Power သုံးစွဲမှုကိုလည်း လျှော့ချပေးလို့ battery သက်တမ်းကို ချွေတာနိုင်တယ်။ Low power indicator ပါဝင်တာကြောင့် power သုံးစွဲမှုကို လွယ်လွယ်ကူကူ သိရှိနိုင်ပါမယ်။ Scroll bar ကို ဘေး ၂ ဖက်နဲ့ ရှေ့နောက် သုံးစွဲနိုင်တဲ့ 4 ways scrolling ပါရှိတာက ပျော်ရွှင်စေမှာအမှန်ပါ။ ဒီ mouse က ပန်းရောင်၊ အစိမ်းရောင် ၂ မျိုးရှိပြီး အာမခံ တစ်နှစ်ပေးထားတယ်လို့ သိရပါတယ်။ ■

တန်ဖိုး ၁၁,၆၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃

# MSI P67A-C45 (B3) Motherboard




Intel ရဲ့ P67 (B3) motherboard ကို အခြေခံထားပြီး 2nd generation core i series (Sandy Bridge) CPU တွေဖြစ်တဲ့ i3/i5/i7 တွေ တပ်ဆင်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ LGA 1155 socket ပုံစံနဲ့ဖြစ်ပြီး အကြမ်းခံတဲ့ ပစ္စည်းတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ Memory ကိုတော့ DDR3 1066/1333/1600/2133 (OC) တွေ တပ်ဆင်အသုံးပြုနိုင်မယ့် dual channel နဲ့ slot ၄ ခုပါဝင်ပြီး 32 GB အထိ အ မြင့်ဆုံး တပ်ဆင်နိုင်မှာဖြစ်ပါတယ်။ Expension slot အနေနဲ့ PCIE X16 2.0 slot တစ်ခု၊ PCIE X1 ၃ ခုနဲ့ ရိုးရိုး PCI ၃ ခု ပါဝင်ပါတယ်။ Data သိုလှောင်ဖို့ SATA 3 Gb/s port ၂ ခု၊ SATA 2 Gb/s port ၄ ခု တပ်ဆင်ပေးထားတယ်။ I/O port အနေနဲ့ကတော့ USB 3.0 ၄ ခု ထည့်သွင်းပေးထားပြီး USB 2.0 ၈ ခု၊ IEEE 1394 port တစ်ခု၊ 1GB LAN port တစ်ခုနဲ့ Clear CMOS ခလုပ်တစ်ခု ထည့်ပေးထားပါတယ်။ အသံစနစ်ကောင်းမွန်တဲ့ THX TruStudioPro စနစ်ပါဝင်ပြီး 8 channel အထိ ထောက်ပံ့ပေးထားတယ်။

အကြမ်းခံဖို့နဲ့ တာရှည်ခံဖို့ power ပိုင်းစိတ်ချယုံကြည်ရတဲ့ Military standard ဖြစ်တဲ့ SFC (super ferrite chote) နဲ့ solid capacitor တွေ အသုံးပြုထားတဲ့ Miliatary class II နည်းပညာထောက်ပံ့မှုအနေနဲ့ OC Genie II ၊ Click BIOS ၊ M-flash BIOS Recovery ၊ APS power saving နည်းပညာ၊ i-charger ၊ live update 5 ၊ live update online တွေ ပါဝင်ပါတယ်။ ရိုးရှင်းတဲ့ပုံစံနဲ့အတူ စွမ်းဆောင်ရည်ပိုင်း အသားပေးထားတဲ့ motherboard အမျိုးအစားဖြစ်ပါတယ်။ ■

Royal Smart CO LTD

၂၂၇၇၈၁ ၊ ၂၁၈၀၄၁

# Faunction စုံလင်တဲ့ Acer all-in-one Z5761

Desktop တွေလို နေရာကြီးကြီးမားမားလည်းမယူ၊ ကြိုးတွေနဲ့ ရှုပ်ထွေးမှုလည်းမရှိ၊ တစ်ခါတည်းနဲ့ အဆင်ပြေစေတဲ့အပြင် desktop တစ်လုံးထက်မက function စုံလင်ပါတယ်။ Intel ရဲ့ Turbo boost technology အသုံးပြုထားပြီး HD graphic တွေကို ကောင်းစွာထောက်ပံ့ပေးနိုင်တဲ့အပြင် power saving ဖြစ်တဲ့ Intel ရဲ့ ဒုတိယမျိုးဆက်သစ် Sandy Bridge core i5 2400s (2.5GHz) အမြန်နှုန်းရှိတဲ့ processor ၊ DDR 3 4GB memory ၊ HD movie တွေနဲ့ graphic ပိုင်းဆိုင်ရာ အသုံးပြုမှုတွေကို လေးလံနှေးကွေးခြင်းမရှိဘဲ ကောင်းကောင်းရှုစားနိုင်အောင် ထပ်မံထည့်သွင်းထားတဲ့ ATI HD 6570 1GB ပါဝင်တာတို့က ဒီ all-in-one ရဲ့ design နဲ့ လိုက်ဖက်အောင်ကို ပြည့်စုံပါတယ်။

ထူးခြားချက်ကတော့ လက်ချောင်းလေးတွေရဲ့ ရွေးချယ်ချက်အတိုင်း လျှင်လျှင်မြန်မြန်တုန့်ပြန်နိုင်တဲ့ ၂၃ လက်မ full HD 1080p ရတဲ့ multitouch screen ပါပဲ။ HD ကို ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးတဲ့အပြင် Acer ရဲ့ Touch Portal ကလည်း လွယ်ကူရိုးရှင်းစွာနဲ့ movie ၊ photo ၊ app နဲ့ multigesture function တွေကို လျှင်လျှင်မြန်မြန် အသုံးပြုနိုင်ပါတယ်။ Hard disk 1 TB ပါရှိတာကြောင့် သိုလှောင်မှုပမာဏကို လုံလုံလောက်လောက် အသုံးပြုနိုင်တဲ့အပြင် ပိုလျှံနေမှာပါ။

Windows 7 Home Premium (Genuine) ပါရှိပြီး DVD-RW super multi double layer လည်း ထပ်မံဖြည့်စွက်ထား



ပေးတဲ့အတွက် ပြီးပြည့်စုံတဲ့ all-in-one PC ဖြစ်ပါတယ်။ Acer Crystal eye webcam နဲ့ integrated microphone ၊ multi-in-one card reader ၊ bluetooth ၊ HDMI port ၊ LAN port ၊ VGA port စတာတွေကို desktop တစ်လုံးလို စုံစုံလင်လင်ထည့်ပေးထားတဲ့အပြင် Wi-Fi ပါရှိတာကြောင့် wireless ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ Dolby sonund system အသုံးပြု built-in speaker လည်း ပါရပါတယ်။ ■

တန်ဖိုး ၁၀၄၆၅၀၀ ကျပ်ဝန်းကျင်ခန့်

KMD Sales & Service Centre

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇

# လုပ်အားစွမ်းရည်မြှင့်တင်ပေးမယ့် ၂၃ လက်မ အရွယ် AOCi2353Ph LED monitor

AOC ရဲ့ AOC i2353ph ergonomic i2353 LED monitor ဟာ ၂၃ လက်မ အရွယ်အစားရှိပါတယ်။ ကြည်လင် ပြတ်သားတဲ့ မျက်နှာပြင်၊ တောင့်တင်းခိုင်မာတဲ့ အသွင်သဏ္ဌာန်ရှိပြီ 9.2mm သာရှိတာကြောင့် ultra slim size ဖြစ်ပါတယ်။ Matallic အစင်းရာပုံစံနဲ့ ပြုလုပ်ဖွဲ့စည်းထားတဲ့ frame ဟာ ထင်ရှားပြတ်သားကြည်လင်တဲ့ မျက်နှာပြင်နဲ့ ချောပြင်ညီနီးပါးဖြစ်နေတာကြောင့် ၂၃ လက်မထက်ပိုတဲ့ အရွယ်အစားအဖြစ် အသုံးပြုသူရဲ့ စိတ်မှာ ထင်ဟပ်စေနိုင်မှာပါ။ အောက်ခံစင်ဟာ ပါးလွှာတဲ့မျက်နှာပြင်နဲ့ လိုက်ဖက်တင့်တယ်မှုရှိစေမယ့် illuminated soft-toch control ဖြစ်ပြီး stand ကို နံရံမှာချိတ်ပြီး အသုံးပြုနိုင်ပါတယ်။ design ဆန်းသစ်မှု၊ ခေတ်နဲ့အညီဆင့်ကဲပြောင်းလဲနိုင်မှု ရှိတာကြောင့် AOC i2353Ph monitor ဟာ if design award china 2010 ဆုကို ရရှိခဲ့ပါတယ်။ LCD screen size ၂၃ လက်မ ဖြစ်တာကြောင့် ပုံရိပ်တွေကို 58.4cm size အဖြစ် မြင်ရမှာဖြစ်ပြီး pixel pitch အနေနဲ့ 0.265 (H) × 0.265 (V) mm နဲ့ display area ကို 509.76 (H) × 286.4 (v) mm အထိ သုံးစွဲနိုင်တာကြောင့် ကြည်လင်ထင်ရှားပြတ်သားပြီး အရည်အသွေးမှန်ကန်တဲ့ ပုံရိပ်တွေကို monitor display မှာ တွေ့မြင်ရမှာပါ။ Display ရဲ့ လင်းနိုင်စွမ်းအားကတော့ 250cd/m2 ရှိတာကြောင့် အမြင်အာရုံထိခိုက်မှုနဲ့ မျက်လုံးပြာဝေတာတွေမဖြစ်တော့ပါဘူး။



Contrast Ratio 50,000, 000:1 ကလည်း ပုံရိပ် အရည်အသွေးကောင်းကောင်းရလိုသူတွေ အကြိုက်တွေ့မှာဖြစ်ပြီး Response Time 5ms (GTG) ဖြစ်တဲ့အတွက် အဆင်ပြေစေနိုင်မှာ ဖြစ်ပါတယ်။ View Angle 178/178 လို့ ဆိုထားပေမယ့် အမှန်တကယ် ကြည်ကြည်လင်လင်မြင်နိုင်တဲ့ view angle ဟာ angle 150/150 လောက်သာ အမှန်တကယ်ရှိမှာဖြစ်ပါတယ်။ ပုံရိပ်အရည်အသွေး 1920×1080 @60Hz ဖြစ်လာစေဖို့ ပံ့ပိုးမှုတွေပြုပေးထားတဲ့အတွက် AOC i2353 ဟာ full HD လို့ ဆိုနိုင်ပါတယ်။

Display colour 16.7M ဖြစ်တာကြောင့်လည်း သုံးစွဲသူတွေကို ဆွဲဆောင်နိုင်မယ့် အချက်တစ်ခု ဖြစ်လာပါတယ်။ HDCP နည်းပညာပါဝင်တာကြောင့် display port ကတစ်ဆင့် content တွေ ကူးယူတာကို အလိုအလျောက် ကာကွယ်ပေးပါလိမ့်မယ်။ HDMI port 2 ခု ပါဝင်တာကြောင့်လည်း HDMI ကို အထောက်အပံ့ပေးတဲ့ monitor နဲ့ တွဲဖက်သုံးနိုင်တဲ့ ဆက်စပ်ပစ္စည်းတွေကို တစ်ခု ထက်ပိုမိုအသုံးပြုနိုင်ပါတယ်။ Inplane-switching panel (IPS PANEL) ဟာ ရုပ်ထွက် ပိုမိုကောင်းမွန်စေတဲ့အပြင် ရုပ်ပုံသွင်ပြင်နဲ့ အရောင်တွေကို ဘယ်အနေအထားကနေပဲ ကြည့်ရှုနေတာဖြစ်စေ လူ့အသွင်အပြင် အတိုင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် view angle ကျယ်ကျယ် ကြည့်ရှုချင်သူတွေအတွက် ဘယ်လို angle ကနေ ကြည့်နေသည်ဖြစ်စေ မူလအတိုင်းမပြောင်းလဲတဲ့ မြင်ကွင်းသာ ရရှိစေမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီ Star Universe CO LTD ကနေ တရားဝင်တင်သွင်းပြီး Technoland ဆိုင်မှာလည်း ဝယ်ယူလို့တယ်လို့ သိရပါတယ်။ ■

တန်ဖိုး ၂၉၀,၀၀၀ ကျပ်ဝန်းကျင်

Star Universe CO LTD

၄၃၀၀၁၃ ၊ ၅၄၉၁၉၃

Technoloand Computer

၅၀၀၇၄၇ ၊ ၅၁၄၃၀၃

# MSI N430GT-MD 1GB3/0C/LP (military class)

အကောင်သေးပေမယ့် စွမ်းဆောင်ရည်နဲ့ တည်ဆောက်ထားတဲ့ အအေးပေးစနစ်က မသေးပါဘူး။ MSI ရဲ့ afterburner software ကနေ OC ပြုလုပ်နိုင်ပြီး စွမ်းဆောင်ရည် မြှင့်တင်နိုင်တဲ့အပြင် GPU ရဲ့ memory voltage ၂ မျိုးကို ချိန်ညှိနိုင်တဲ့ double overvoltage စနစ်ဖြစ်တယ်။ OC လုပ်ငန်းစဉ်နဲ့ game အမြင့်စားတွေ၊ လုပ်ငန်းကြီးတွေလုပ်စဉ်မှာ ထွက်ရှိလာမယ့် အပူချိန်ကို အကောင်းဆုံးထိန်းသိမ်းမယ့် dual fan စနစ်က ဖုန်နဲ့အပူတွေ၊ heatsink မှာ ကပ်မနေအောင် အကောင်းဆုံး ရှင်းထုတ်ပေးနိုင်ပါတယ်။ Size ကလည်း low profile design ဖြစ်လို့ home theater PC တွေအတွက် အဆင်သင့်ဖြစ်နေတဲ့ အပြင် 3D vision နည်းပညာကြောင့်လည်း 3D ရုပ်ထွက်တွေကို အကောင်းဆုံး ခံစားနိုင်မှာဖြစ်တယ်။

Nvidia ရဲ့ geforce GT 430 (Fermi) graphi engine တပ်ဆင်ထားပြီး memory DDR3 1GB နဲ့ လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ Core clock 785MHz ၊ memory clock 2000MHz နဲ့ memory interface 128bit ပါဝင်ပါတယ်။ အမြင့်ဆုံး resolution 25600×1600 နဲ့ တပ်ဆင်နိုင်ပြီး PCI express 2.0×16 အမျိုးအစားဖြစ်တယ်။ Display output အနေနဲ့ DVI ၊ HDMI ၊ D-sub တွေ ပါဝင်တဲ့အတွက် ဘယ် monitor ၊ LCD TV နဲ့မဆို တွဲဖက်နိုင်မှာဖြစ်တယ်။ Direct X11 ၊ open GL 4.0 ၊ HDMI 1.4a ၊ open CL ၊ HDCP ၊ direct compute 5.0 ၊ 3D vision တို့ ပါဝင်ပြီး Nvidia ရဲ့ PhysX ၊ CUDA ၊ pure video HD နဲ့ 32x anti-aliasing နည်းပညာတို့ကို ထောက်ပံ့ပေးထားတယ်။




Military class components တွေဖြစ်တဲ့ SFC (Super Ferrite Choke) နဲ့ solid capacitor တွေနဲ့ power ပိုင်း တည်ဆောက်ထားတဲ့အတွက် high loading program ၊ game နဲ့ overclocking လုပ်ငန်းစဉ်အတွက် အကောင်းဆုံး power ထောက်ပံ့ပေးမှာဖြစ်တယ်။

Royal Smart CO LTD

၂၂၇၇၈၁ ၊ ၂၁၈၀၄၁

# Lenovo S100 netbook




ခရီးသွားတွေရဲ့ လုပ်ငန်းရှင်တွေနဲ့ စာနယ်ဇင်းသမားတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ သွားသွားလာလာ အသုံးပြုဖို့ အတွက် Lenovo က အသစ်ထွက်ရှိလာတဲ့ S100 netbook ဖြစ်ပါတယ်။ အဖြူ၊ အနီ၊ အပြာ ၃ ရောင်ရှိပြီး ဖက်ရှင်ကျကျ ကြိုက်ရာအရောင်ကို ရွေးချယ်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ Windows တက်စရာမလိုဘဲ ၅ စက္ကန့်အတွင်း email အသုံးပြုတာ၊ internet အသုံးပြုတာ သီချင်းနားထောင်တာတွေ အလွယ်တကူလုပ်ဆောင်နိုင်မယ့် Quick Start function ကလည်း သုံးစွဲသူတိုင်း အကြိုက်တွေ့စေမှာပါ။ ရောင်းဈေးမှာ ၂၆၀,၀၀၀ ဝန်းကျင်ရှိပြီး Lenovo Authorised Dealer ဆိုင်ကြီးတွေမှာ ဝယ်ယူရရှိနိုင်ပါတယ်။

တန်ဖိုး ၂၆၀,၀၀၀ ကျပ်ဝန်းကျင်

DCD

၂၄၅၁၈၀ ၊ ၃၈၅၁၇၇ ၊ ၃၈၅၈၇၇

## အိမ်သုံး၊ ရုံးသုံး Acer ASM1920 system ပုံး



Intel Dual Core E6800 (3.33 GHz) တပ်ဆင်ထားပြီး DDR3 2 GB memory ပါရှိပါတယ်။ ATI Radeon HD6450 1 GB graphic စားတဲ့ app တွေအတွက် ကောင်းကောင်းမွန်မွန် ထောက်ပံ့ပေးလို့ ကိုယ့်လုပ်ငန်းတွေအတွက် နှောင့်နှေးခြင်းမရှိဘဲ လျင်လျင်မြန်မြန် လည်ပတ်နိုင်ပါတယ်။ HDD 500 GB က များပြားလှတဲ့ data တွေကို လုံလုံလောက်လောက် သိမ်းဆည်းပေးနိုင်မှာပါ။ DVD super multi double layer တပ်ဆင်ထားပြီး line phone နဲ့ ချိတ်ဆက်ကာ internet အသုံးပြုနိုင်ဖို့ 56 Kbps modem ပါရှိပါတယ်။

Acer PSII keyboard ၊ mouse ၊ speaker တွေ အသင့်ပါရှိတာမို့ Acer monitor တွေနဲ့ တွဲဖက်အသုံးပြုနိုင်ပြီး Acer branded desktop တစ်လုံးကို ပိုင်ဆိုင်နိုင်ပါပြီ။ Branded desktop ကို ကြိုက်နှစ်သက်သူတွေအတွက် လုပ်ငန်းကို အထောက်အကူပြု desktop ကို ရှာဖွေနေသူတွေအတွက် အဆင်ပြေစေနိုင်မှာပါ။ ■

တန်ဖိုး ၃၅၆,၅၀၀ ကျပ်ဝန်းကျင် (Without Monitor)

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၀၇၂၃၃

## ကမ္ဘာ့ပထမဆုံး PCIE 3.0 တပ်ဆင်ထားတဲ့ MSI Z68A-GD80 (G3) motherboard

Taiwan အခြေစိုက် motherboard ၊ graphic card နဲ့ notebook တွေထုတ်လုပ်တဲ့ MSI (Micro-Star International) ကုမ္ပဏီက ကမ္ဘာ့ပထမဆုံး PCIE express generation 3 (PCIE X3.0) graphic slot တပ်ဆင်ပါဝင်တဲ့ motherboard အသစ်ကို ထုတ်လုပ်လိုက်ပါတယ်။

PCIE 3.0 က စွမ်းဆောင်ရည်အနေနဲ့ bit rate 8.0GT/s ၊ Interconnect bandwith 8Gb/s ၊ direction တစ်ခုအတွက် lone တစ်ခုစီကို 1Gb/s bandwith နဲ့ လုပ်ဆောင် ပေးမှာဖြစ်ပြီး X 16 link အတွက် 32 Gb/s နှုန်းနဲ့ လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ အသစ်ထွက်ရှိလာတဲ့ motherboard အတွက် PCIE 3.0 slot ၂ ခုနဲ့ PCIE 2.0 slot တစ်ခု ထည့်သွင်းပေးထားမှာဖြစ်ပါတယ်။ PCIE 3.0 က အရင် PCI 2.0 ၂ ဆ ပိုမြန်မှာဖြစ်ပြီး power စားလည်း ပိုသက်သာလာမှာဖြစ်ကာ အဖျက်ကို ၁၀၉ ရာခိုင်နှုန်းနဲ့ အရေးကို ၁၁၃ ရာခိုင်နှုန်း ပိုမြန်စေမှာဖြစ်ပါတယ်။

ဒီ motherboard မှာ intel ရဲ့ z68 chipset ကို အခြေခံထားပြီး LGA 1155 socket ပုံစံနဲ့ intel ရဲ့ second generation core i series (Sandy Bridge) CPU တွေ တပ်ဆင်နိုင်မှာဖြစ်တယ်။ Memory DDR3 ကို 32 GB ထောက်ပံ့နိုင်တဲ့ dual channel တပ်ဆင်မယ့် slot ၄ ခု ပါဝင်တယ်။ USB 3.0 ၊ SATA 3Gb/s နဲ့ display output တွေဖြစ်တဲ့ HDMI ၊ DVI port တွေလည်း တစ်ပါတည်းတပ်ဆင်ပေးထားရုံသာမက virus switchable graphic စနစ် ပါဝင်တယ်။

ဒါ့ပြင် နည်းပညာ ထောက်ပံ့ချက်အနေနဲ့ BIOS ကို graphical ပုံစံနဲ့ မြင်တွေ့နိုင်ပြီး mouse အသုံးပြုနိုင်မယ့် click



BIOS ၊ ခလုတ်တစ်ချက်နှိပ်ရုံနဲ့ CPU ၊ memory ၊ GPU နဲ့ HDD perforamnce တွေကို အမြင့်ဆုံးနဲ့အမြန်ဆုံး ဆွဲတင်ပေးမယ့် OC Geine II ၊ အကြမ်းခံဖို့နဲ့ တာရှည်ခံနိုင်ဖို့ militarty standard MIL-STD-810G နဲ့ design ထုတ် အသုံးပြုထားပြီး ယုံကြည်စိတ်ချမှုအပြည့်ရှိတဲ့ military class power အစိတ်အပိုင်းတွေ ပါဝင်ပါတယ်။

Royal Smart CO LTD

၂၂၇၇၈၁ ၊ ၂၁၈၀၄၁

# Apacer AH522




Apacer memory stick AH 522 serie ဖြစ်ပါတယ်။ High performance up to 200x အထိ စွမ်းဆောင် ရည်မြင့်တင် အသုံးပြုနိုင်သလို ထုတ်နိုင်သွင်းနိုင်တဲ့ retractable USB design ဖြစ်ပြီး ရွှေရောင်နဲ့အနက်ရောင် ပေါင်းစပ်ထားတဲ့ metallic ကိုထည်ဖြစ်ပါတယ်။

Window 7 မှာ လွယ်လွယ်ကူကူ အသုံးပြုနိုင်ပြီး USB 2.0 ဖြစ်ပါတယ်။ RoHS standed နဲ့အညီ ထုတ်လုပ်ထားတဲ့အတွက် ကိုယ့်အတွက်ကော၊ ကမ္ဘာကြီးအတွက်ပါ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်စေမှာ မဟုတ်ပါဘူး။ Apacer Compression Explorer (ACE) software ကို download ဆွဲပြီး အသုံးပြုနိုင်တာကြောင့် file တွေကို ချုံ့နိုင်ပြီး password တွေနဲ့လည်း ကာကွယ်ထားနိုင်ပါတယ်။

သိုလှောင်မှုပမာဏ 8GB ဖြစ်ပြီး Two Year Warranty ပါရှိပြီး ဈေးကွက်အတွင်းရှိ computer အရောင်းဆိုင်တွေ၊ mobile ဆိုင်တွေမှာ စုံစမ်းဝယ်ယူနိုင်ပါတယ်။

ဈေးနှုန်း ၁၈,၅၀၀ ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃

# HP 1025nw color LaserJet printer



ရုံးသုံးလုပ်ငန်းတွေရဲ့ လက်စွဲ HP brand ဖြစ်ပါတယ်။ အဖြူအမည်း သီးသန့်သာမဟုတ်ဘဲ color စုံစုံလင်လင်ပါ ထုတ်ယူနိုင်တဲ့ laserjet အမျိုးအစား printer ဖြစ်ပါတယ်။ အဖြူအမည်းစာရွက်တွေ ထုတ်ယူမယ်ဆိုရင်တော့ တစ်မိနစ်အတွင်း ၁၇ ရွက်အထိ ထုတ်ယူနိုင်မှာဖြစ်ပြီး color စာရွက်တွေကိုတော့ တစ်မိနစ် ၄ ရွက်နှုန်းနဲ့ ထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။

လုပ်ငန်းတွင်း ချိတ်ဆက်ထားတဲ့ ကွန်ရက်ကနေ print ထုတ်ယူနိုင်တဲ့ network printer အမျိုးအစားဖြစ်ပြီး ကြိုးရှုပ်ထွေးမှုတွေကို လျော့ချချင်တယ်ဆိုရင်တော့ wireless print ပါ ထုတ်ယူနိုင် တဲ့ printer အမျိုးအစားဖြစ်ပါတယ်။

တန်ဖိုး ၂၄၀,၀၀၀ ကျပ်ဝန်းကျင်

KMD Sales & Service Centre

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇

# ECS H61H2-M2 motherboard




Intel ရဲ့ H61 Express chipset တွေကို အခြေခံထားတဲ့ LGA 1155 DDR 3 motherboard ဖြစ်ပါတယ်။ CPU အနေနဲ့ latest 2[nd] generation core i3/i5/i7 processor တွေကို အသုံးပြုနိုင်ပြီး FSB 1333 MHz ဖြစ်ပါတယ်။ လုပ်ငန်းဆောင်တာတွေကို လျင်လျင်မြန်မြန် လုပ်ဆောင်လို့ရစေမှာဖြစ်ပါတယ်။

Memory အနေနဲ့ကတော့ DDR 3 1066/1333 MHz 16GB ထိ တိုးချဲ့ တပ်ဆင်အသုံးပြုနိုင်ပါတယ်။ Graphic card တပ်ဆင်နိုင်ဖို့ PCIE slot ၂ ခုနဲ့ PCIE × 16 port တစ်ခုပါဝင်ပြီး storage device အနေနဲ့ serial ATA 3.0 Gb/s ၄ ခု ပါဝင်ပါတယ်။

Audio output မှာ 6 channel audio ပါရှိပြီး ထူးခြားချက်အနေနဲ့ သာမန် VGA output အပြင် high definition audio/video အတွက် HDMI port လည်း ပါဝင်ပါတယ်။

LAN စနစ် ချိတ်ဆက် အသုံးပြုနိုင်ဖို့ 10/100/1000 gigabit LAN ပါဝင်ပါတယ်။ တခြား လုပ်ဆောင်ချက်တွေဖြစ်တဲ့ ECS ရဲ့ ejiffy ၊ eDlu ၊ eBlu စတဲ့ utility တွေ ပါဝင်တာကြောင့်လည်း computer ကို ပိုမိုလျင်မြန်လွယ်ကူပြီး တမူထူးခြားအောင် အသုံးပြုနိုင်စေမှာဖြစ်ပါတယ်။ ဒီ motherboard ကို warranty အနေနဲ့ကတော့ ၂ နှစ် အာမခံပေးထားတယ်လို့လည်း သိရပါတယ်။

**Myanmar Tchnology Zone CO LTD**

၅၄၂၅၆၉၊ ၇၂၃၀၀၉

# Iomega 2TB network attached storage (NAS)




အဖွဲ့အစည်းရဲ့တစ်ခုရဲ့ အရေးကြီးအချက်အလက်တွေ တစ်နေရာတည်းမှာ စနစ်တကျ backup လုပ်ထားချင်တယ်ဆိုရင်တော့ အရည်အသွေးကောင်းမွန်တဲ့ NAS တစ်လုံးလိုအပ်ပါတယ်။ ကိုယ့်ရဲ့ backup data တွေကို gigabit speed နဲ့ ကိုယ်ပိုင်ဝေစုတွေခွဲဝေပေးထားနိုင်ပြီး ကိုယ်ပိုင် username ၊ passwork နဲ့လည်း ဝင်ရောက်စီမံခန့်ခွဲနိုင်ပါတယ်။ RAID1 (Mirror) function ကို အသုံးပြုနိုင်ပြီး အသင့်ပါဝင်တဲ့ USB port ကလည်း print server အနေနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

တန်ဖိုး ၃၅၀,၀၀၀ ကျပ်ဝန်းကျင်

**KMD Sales & Service Centre**

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇